# မုန်တိုင်းသတိပေး

ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန

## ကြိုတင်ပြင်ဆင်ရန်



၁။ ရေဒီယိုအမြဲဖွင့်၍ မိုးလေဝသ သတင်းကိုနားထောင်ပါ။

၂။ ကုန်းမြင့်၊ တောင်ကုန်းများပေါ်တွင် နားခိုစခန်းများဆောက်ပါ။

၃။ ကြီးမြန်သစ်ပင်များကို လေကာသစ်ပင်တန်းများအဖြစ်စိုက်ပါ။

၄။ အိမ်အနီး၌ ကျိုးကျနိုင်သည့်သစ်ကိုင်း၊ သစ်ခက်များခုတ်ပါ။

၅။ ပြတင်းပေါက်၊ တံခါးနှင့် အမိုးပြားများကို ခိုင်ခံအောင်ပြုလုပ်ပါ။

## မုန်တိုင်းသတိပေးချက်ရလျှင်



၁။ ငါးဖမ်းမထွက်ရန်၊ ရေလမ်းခရီးမသွားရန်။

၂။ အစားအစာ၊ ဆေးဝါး၊ သောက်ရေ၊ လက်နှိပ်ဓါတ်မီး၊ မိုးကာစများအသင့်ပြင်ဆင်ထားရန်။

၃။ အရေးကြီးပစ္စည်းနှင့် စာရွက်စာတမ်းများကို စဥ့်အိုး(သို့)ရေစိုခံအိတ်ထဲတည့်ပြီး မြေမြှုပ်ပါ။

၄။ အိမ်နှင့် အမိုးခိုင်ခံ့ပါက ထိုအိမ်တွင်သာခိုလှုံပါ။

၅။ ရေလွှမ်းမည်ထင်ပါက မုန်တိုင်းခိုနေရာများသို့ အလျှင်အမြန်ရွှေ့ပြောင်းပါ။

## မုန်တိုင်းတိုက်ခတ်ချိန်တွင်



၁။ ခိုအောင်းရာနေရာ၏ အပြင်ဘက်သို့ လုံးဝမထွက်ရ။

၂။ ဘောကွင်း၊ ရေပုံးအလွတ်၊ ငှက်ပျောတုံး၊ ကားတာယာ၊ ကျွတ်များ မိမိတို့နှင့်အတူ ဆောင်ထားပါ။

၃။ တံခါးနှင့် ပြတင်းပေါက်များပိတ်ထားပါ။မုန်တိုင်းအရှိန်ကြောင့်ပွင့်ထွက်သွားပါက မျက်နှာချင်းဆိုင်ဘက်မှာ လေထွက်ပေါက်တစ်ခုအမြန်ပြုလုပ်ပါ။

## မုန်တိုင်းတိုက်ခတ်ပြီးနောက်



၁။ စိတ်ချရသောသတင်းရရှိမှသာ နေအိမ်သို့ပြန်ပါ။

၂။ ပြိုကျပျက်စီးနိုင်သော အဆောက်အဦနှင့် သစ်ပင်ရှိရာသို့ မသွားရ။

၃။ ပြုတ်ကျပြတ်တောက်နေသော ဓါတ်ကြိုးများကို မကိုင်ရ။

၄။ ရေဝပ်သောနေရာများတွင် ကလေးများမကစားပါစေနှင့်။

၅။ ရေကို ကျိုချက်၍ သောက်ပါ။